# Xmaewk&if;olt rsKd;orD;rsm; taMumif;

## Herstory



“ ဌာနေတိုင်းရင်းသူအမျိုးသမီးများကဏ္ဍနှင့်ပတ်သတ်ပြီး ပွိုင့် – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့မှလုပ်ဆောင်ခဲ့သည်မှာ လွန်ခဲ့သော ၅နှစ်ကတည်းကလုပ်ဆောင်ခဲ့ပြီး ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းကဏ္ဍများကိုလဲ အထူးအားပေး လုပ်ဆောင်ခဲ့ပါသည်။ ထို့အပြင် အာရှဌာနေတိုင်းရင်းသားများကွန်ယက်အဖွဲ့နှင့် လက်တွဲပြီး နမူနာယူစရာအဖြစ် ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ လုပ်ဆောင်ချက်များကို မှတ်တမ်းတင်ရေးခဲ့ပါသည်။ အာရှအဆင့်တွင် ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ မှတ်တမ်းများကို ဖော်ပြသကဲ့သို့ မြန်မာနိုင်ငံအတွင်း၌ရှိသော ဌာနေတိုင်းရင်းသူအမျိုးသမီးများအချင်းချင်းအတွက် လက်ဆင့်ကမ်းသိရှိနိုင်ရန်ရည်ရွယ်ပြီး ထုတ်ဝေခြင်းဖြစ်ပါသည်။ ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ကဏ္ဍကို ဌာနေတိုင်းရင်းသားများကလဲ သိရှိလာပြီး ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များတွင် ပိုမိုပြီးပူးပေါင်းပါဝင်စေရန်နှင့် နေရာရလာနိုင်စေရန် မျှော်လင့်ပါသည်။ ကျေးရွာအဆင့်သာမက နိုင်ငံအဆင့်တွင်လည်း ဌာနေတိုင်းရင်းသူအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် ကဏ္ဍများကို ယခုအခါထက် ပိုမိုပေါ်ထွန်းလာရန်ရည်ရွယ်ပြီး ဤစာအုပ်ကတဆင့် ဖော်ပြရန်ရည်ရွယ်ပါသည်။ စာအုပ်ထဲတွင် အချို့သောဌာနေတိုင်းရင်းသူအမျိုးသမီးများ၏လုပ်ဆောင်မှုများကိုသာဖော်ပြနိုင်ခဲ့ပြီး နောင်တွင် ဒီထက်မက၊ များစွာသော ဌာနေတိုင်းရင်းသူ အမျိုးသမီးများ၏ စွမ်းဆောင်မှုများကို မှတ်တမ်းတင်ပြီး ဖော်ထုတ်သွားနိုင်ဖို့ရည်ရွယ်ပါသည်။ ပွိုင့်အနေဖြင့် ပထမဦးဆုံး အကြိမ်းထုတ်ဝေခြင်းဖြစ်သောကြောင့် လိုအပ်ချက်အားနည်းချက်များရှိပါကနားလည်လက်ခံပေးရန် မျှော်လင့်ပါသည်။ ”



# vGifrmat;

Xmaewk&ifolrsdK;rsm;D tay:cJGjcm;qufqHrIudk qefYusifwdkufzsufol

အမည် – မလွင်မာအေး

လူမျိုး – ဓနု

နေရပ်လိပ်စာ – တင်ချောင်းကျေးရွာ၊ ရွှာငံမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း။

လွင်မာအေးသည် ဓလေ့ထုံးတမ်းအစဉ်အလာလုပ်ပိုင်ခွင့်များနှင့် ကျားမရေးရာ (Gender)အစရှိသော အကြောင်းအရာများကို သင်ယူထားရှိခဲ့ပြီး စည်းရုံးလှုံ့ဆော်ရေးနှင့် ခေါင်းဆောင်မှုဆိုင်ရာသင်တန်းများသာမက ရိုးရာအသိပညာဗဟုသုတနှင့် စစ်တမ်းကောက်ယူခြင်းဆိုင်ရာ သင်တန်းများကိုလည်း တက်ရောက်ထားပြီးခဲ့ သူတစ်ဦးဖြစ်သည်။ သူမအနေဖြင့် အစိမ်းရောင်အခွင့်အရေးအဖွဲ့ (Green Rights Organization) နှင့်ပူးပေါင်းကာ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွှာငံမြို့နယ်ရှိ ဌာနေတိုင်းရင်းသားလူထုအသိုက်အဝန်းများနှင့် အမျိုးသမီးများ အကျိုးအတွက် တက်ကြွစွာပါဝင်လှုပ်ရှားလျက်ရှိ ပါသည်။

“


မလွင်မာအေးသည် ဓလေ့ထုံးတမ်းအစဉ်အလာလုပ်ပိုင်ခွင့်များ နှင့် ကျားမရေးရာ (Gender) အစရှိသော အကြောင်းအရာများကို သင်ယူထားရှိခဲ့ပြီး စည်းရုံးလှုံ့ဆော်ရေး နှင့် ခေါင်းဆောင်မှုဆိုင်ရာ သင်တန်းများသာမက ရိုးရာအသိပညာဗဟုသုတနှင့် စစ်တမ်းကောက်ယူခြင်းဆိုင်ရာ သင်တန်းများကိုလည်း တက်ရောက်ထား ပြီးခဲ့သူတစ်ဦးဖြစ်သည်။

တစ်ဆက်တည်းမှာဘဲ သူမအနေဖြင့် အမျိုးသမီးငယ်များနှင့် ရပ်ရွာအဖွဲ့ဝင်များအား “သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းစားကျဆင်းခြင်းတို့မှ ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်း၊ သစ်တောတွင်းကာဗွန်သိုလောင်မှုများကို ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောများအား ရေရှည်တည်တံ့စွာအုပ်ချုပ်ခြင်းနှင့် သစ်တောတွင်း သိုလှောင်ကာဗွန်များကို တိုးတက်စေခြင်း” ဟုအဓိပ္ပါယ်ရှိသော REDD+ ၊ ရပ်ရွာအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း (CF)၊ ကြိုတင်အသိပေးခြင်းနှင့် လွတ်လပ်သောသဘောထားအမြင် ရယူခြင်း (FPIC)၊ ကျားမအရေး ဖြင့်ပတ်သက်သော ကိစ္စရပ်များ နှင့် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများ အစရှိသည်တို့ဖြင့် ပတ်သက်၍ အသိပညာများအား ပြန်လည်မျှဝေ သင်တန်းပေးလျက်ရှိပါသည်။ ထို့နောက် သူမအနေဖြင့် မိမိတို့ခနေ့လူထုအသိုက်အဝန်း၏ ယုံကြည်မှု နှင့် လေးစားမှုကို ရရှိလာပါသည်။ လူထုအနေဖြင့် မိမိတို့တွင် ပြဿနာတစ်ခုခုရှိသည့်အခါတိုင်း သူမထံလာရောက်တိုင်ပင်ဆွေးနွေးခြင်း နှင့် သူမ၏အကြံပေးမှုများအား ရယူခြင်းအစရှိသည်တို့ကို စတင်လုပ်ဆောင်လာခဲ့ကြသည်။ ဥပမာဖြင့်ဖော်ပြရမည်ဆိုပါလျှင် တင်ချောင်းကျေးရွာမှ အိမ်ထောင်ရှင်အမျိုးသမီးငယ်တစ်ဦးသည် မိမိအမျိုးသား၏ အနိုင်ကျင့်မှုကိုခံခဲ့ရသောကြောင့် မလွင်မာအေးထံသို့လာရောက်ဆွေးနွေးမှု နှင့် အကြံပေးမှုများကို ရယူခဲ့သည်။ ထို့နောက် မလွင်မာအေး၏ အကူအညီဖြင့်ပင် ယင်းဖြစ်ရပ်အား ကျေးရွာမှအာဏာရှိသူများထံ အစီရင်ခံတင်ပြခဲ့ပြီး ၎င်း၏အမျိုးသားမှာလည်း မိမိ၏လုပ်ရပ်များကြောင့် ဒါဏ်တပ်ခြင်းခံခဲ့ရပါသည်။

ရွာသူ၊ ရွာသားများအနေဖြင့် ဒေသခံအစုအဖွဲ့ပိုင်သစ်တော(CF)စတင်တည်ထောင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း အစရှိသည့် ဒေသခံအစုအဖွဲ့ပိုင်သစ်တော(CF)ဖြင့်ပတ်သက်သော သင်တန်းများရယူလိုပါက မလွင်မာအေးအား လာရောက်ဖိတ်ကြားကြပြီး ၎င်းတို့ တင်ချောင်းကျေးရွာ တစ်ခုတည်းသာမက ကျော့ကော်တော်၊ သဖန်းပင်နှင့် ဖယ်ခင်ကဲ့သို့သော အခြားကျေးရွာများ မှလည်းသူမကို ဖိတ်ကြားကြပါသည်။ ဒေသခံအစုအဖွဲ့ပိုင်သစ်တော(CF) တစ်ခုအား မည်ကဲ့သို့စတင်တည်ထောင်ရမည်ကိုလည်း နည်းစနစ်များနှင့် နည်းလမ်းများဖြင့် အထောက်အကူပေးပြီး ယင်းအားတည်ထောင်ရန်ရည်ရွယ်ထားသော နေရာအတွက် မြေပုံဆွဲခြင်းတွင်လည်း အစိမ်းရောင်အခွင့်အရေးအဖွဲ့(GRO)မှတစ်ဆင့် ရွာသူ၊ ရွာသားများအတွက် အထောက်အကူများပေးလျက်ရှိသည်။ ထို့နောက်သူမအနေဖြင့် ပိုမိုတက်ကြွစွာပါဝင်ခဲ့ပြီး ပိုမိုအသိအမှတ်ပြုခြင်းလည်းခံခဲ့ရသည်။ အင်းလိတ် (Inya Lake Hotel) တွင် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ POINT မှ ကြီးမှူးကျင်းပသော ဌာနေတိုင်းရင်းသား အမျိုးသမီးများနှင့် ဓလေ့ထုံးတမ်းအစဉ်အလာမြေလုပ်ပိုင်ခွင့်ဖြင့်သက်ဆိုင်သော ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် သူမအနေဖြင့် ဦးဆောင်ပါဝင်ဆွေးနွေးသူတစ်ဦးလည်းဖြစ်ခဲ့ပါသည်။ အစိုးရအဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ(CSOs)နှင့် ဒေသတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ (LNGOs) ထို့အပြင် နိုင်ငံအနှံ့အပြားတွင်ရှိသည့် များစွာသော ဌာနေတိုင်းရင်းသားအမျိုးသမီးများလည်း ထိုအလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခဲ့ကြသည်။ ယင်းလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းတို့မှ သစ်တောများအား ကာကွယ်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ မြေယာစီမံခန့်ခွဲခြင်း အစရှိသည်တို့ဖြင့်ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံများနှင့် ရိုးရာအသိပညာဗဟုသုတများကို ပြန်လည်ဝေမျှခဲ့ ကြသည်။ ဆက်လက်ပြီး ဌာနေတိုင်းရင်းသားများ ကျင့်သုံးလျက်ရှိသော ရိုးရာနည်းလမ်းများအတိုင်း မြေပိုင်ဆိုင်မှုအခွင့်အရေးများကို အသိအမှတ်ပြုရန်အတွက်လည်း စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။

လွင်မာအေးသည် အသက်(၂၃)သာရှိသော အိမ်ထောင်မရှိသေးသည့် ဓနုဌာနေတိုင်းရင်းသား သမီးပျိုတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ်အတွင်းရှိ တင်ချောင်းကျေးရွာ တွင်နေထိုင်လျက်ရှိသည်။ ဓနုလူမျိုးများသည် ရွာငံကျေးရွာအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုဖြစ်ရန် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ယင်းဒေသသည် ပအို့ဝ်နှင့် ဓနုဌာနေတိုင်းရင်းသားလူမျိုးများ အများစုအဓိကနေထိုင်ရာဒေသတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံသည် နှစ်ပေါင်းအတော်ကြာ နိုင်ငံရေး၊ စီးပွားရေး နှင့် ပညာရေးကဏ္ဍများတွင် ပိတ်ဆို့ထားခဲ့ပါသည်။ ထိုဖြစ်ရပ်သည် နိုင်ငံအတွင်းရှိသူများအား ကျန်းမာရေး၊ ပညာရေးနှင့် လူ့အခွင့်အရေးဆိုင်ရာအသိအမှတ်ပြုခြင်းများ အစရှိသည်တို့နှင့် ပတ်သက်၍ အားနည်းစေခဲ့သည်။ အခြားတစ်ဘက်တွင်လည်း မြန်မာလူမျိုးများအကြားတွင် အမျိုးသားဦးဆောင်အုပ်ချုပ်သည့်စနစ်မှာ ကြီးမားလျက်ရှိပါသည်။ လွင်မာအေးမှာ ငယ်ရွယ်တက်ကြွသော အမျိုးသမီးငယ်တစ်ဦးဖြစ်သည့်အလျှောက် အမျိုးသမီးများအား ဖိနှိပ်ခွဲခြားဆက်ဆံခြင်းများနှင့် ကျေးလက်နေပြည်သူများပေါ် အထင်သေးစွာရှုမြင်ခြင်းများအပေါ်တွင် ဌာနေတိုင်းရင်းသားအမျိုးသမီးများနှင့် လူမျိုးများကို မြေတောင်မြှောက်အားပေးခြင်းဖြင့် ပြန်လည်ခုခံလိုသူတစ်ဦး ဖြစ်သည်။

၂၀၁၆ခုနှစ်ကတည်းကပင် ပွိုင့် – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့(POINT) နှင့် ဆက်သွယ်ချိတ်ဆက်မှုရှိခဲ့ပြီး လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း(FPIC)နှင့်ပတ်သက်၍ သင်ယူမှုများပြုလုပ်ခဲ့သည်။ ယင်းအခွင့်အရေးသည် ဌာနေတိုင်းရင်းသားအများအတွက် သတ်မှတ်ခွင့်ပြုထားသော အခွင့်အရေးတစ်ခုဖြစ်ပြီး ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေငြာစာတမ်း UNDRIPမှလည်း အသိအမှတ်ပြုထားပါသည်။ ယင်းအခွင့်အရေးသည် ဌာနေတိုင်းရင်းသားများအား ၎င်းတို့၏အသက်ရှင်ရပ်တည်မှုအပေါ် ဆိုးကျိုးသက်ရောက်နိုင်ချေရှိသည့် စီမံကိန်းများအပေါ် ၎င်းတို့အနေဖြင့် သဘောတူပေးနိုင်ခွင့် သို့မဟုတ် ငြင်းဆိုနိုင်ခွင့် ပေးထားသော အခွင့်အရေးတစ်ခုဖြစ်သည်။ သူမအနေဖြင့် ကာဗွန်ထုတ်လုပ်မှုလျှော့ရန်အတွက် ဦးတည်သော ရက်ဒ်အပေါင်း(REDD+)နှင့် သစ်တောအား မှီခိုအသုံးပြုနေထိုင်သူများအား နှစ်ပေါင်း(၃၀)အထိ စီမံခန့်ခွဲပိုင်ခွင့်နှင့် အသုံးပြုခွင့်ပေးထားသော၊ ထို့နောက်တွင်လည်း ဆက်လက်သက်တမ်းတိုးနိုင်သည့် နည်းလမ်းတစ်ခု (မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအရ တစ်ခုတည်းသောဖြစ်နိုင်သည့်နည်းလမ်းဖြစ်သော။) ဖြစ်သည့် ဒေသခံအစုအဖွဲ့ပိုင်သစ်တောများကိုလည်း သင်ယူသိရှိခွင့်ရခဲ့ပါသည်။





“

သူမနှင့် သူမ၏အဖွဲ့အစည်းမှာ ၎င်းတို့လုပ်ငန်းများအား တရားဝင်လုပ်ဆောင်ရန် သက်ဆိုင်သောကုမ္ပဏီမှတ်ပုံတင် မရှိသည့်အတွက် သူမအနေဖြင့် ဆက်လက်လုပ်ဆောင်ပါက ဖမ်းဆီးထိန်းသိမ်းခြင်းခံရနိုင်ပါသည်။

သူမအတွက်ထင်ရှားသည့်ဖြစ်ရပ်တစ်ခုမှာ ရပ်ရွာအဖွဲ့ဝင်များမှ ၎င်းတို့၏မြေယာအခွင့်အရေးများအား ခုခံကာကွယ်ခြင်းတွင် အောင်မြင်စေရန် သူမအနေဖြင့် အထောက်အကူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ သတ္တုတူးဖော်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် ဝေါင်ပိကုမ္ပဏီမှ တင်ချောင်းကျေးရွာပိုင်နက်အတွင်း သတ္တုတူးဖော်ရန်အတွက် ၎င်းတို့တွင်အခွင့်အရေးရှိကြောင်းကို ပြောဆိုလာပါသည်။ ထို့နောက် ၎င်းတို့နှင့်တကွ ၁၅ ဦးထက်ကျော်သော ရွာသူ၊ ရွာသားများထံမှ ၎င်းတို့အားလက်ခံကြောင်း လက်မှတ်ရေးထိုးထားသော စာရွက်စာတမ်းများကိုလည်း တင်ပြလာပါသည်။ သို့ပါသော်လည်း ယင်းလက်မှတ်များသည် ၎င်းတို့၏ကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသော နေ့စားအလုပ် လုပ်သူ ရွာသူ၊ရွာသားများထံမှ လှည့်ဖျားရယူထားခြင်းဖြစ်သည်။ ယင်းရွာသူ၊ရွာသားများအား မိမိတို့၏ လုပ်အားခများ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးရန် လိုအပ်သည်ဟုပြောဆို၍ လက်မှတ်များအား ရယူထားခြင်းဖြစ်သည်။ ထို့အပြင် ယင်းစီမံကိန်းနှင့်ပတ်သက်၍ ၎င်းတို့တွင် သတင်းအချက်အလက်များ မရှိရုံသာမက လူမှုအဖွဲ့အစည်းအကျိုးအတွက် အလုပ် လုပ်နေသူများ၊ ရပ်ရွာအဖွဲ့ဝင်များနှင့်လည်း နည်းမှန်လမ်းမှန်ဆွေးနွေးထားခြင်းမရှိပါ။

လွင်မာအေးအနေဖြင့် ယင်းစီမံကိန်းအကြောင်း ကြားသိသည်နှင့်တစ်ပြိုင်နက် မိမိရွာသို့ပြန်၍ လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း(FPIC)တွင် လိုအပ်သောလုပ်ဆောင်မှုများဖြစ်ပေါ်လာနိုင်သော အန္တရယ်များ၊ ထို့အပြင် သတ္တုတူးဖော်ခြင်းစီမံကိန်းများ၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကို ရပ်ရွာလူထုအား ပြန်လည်ရှင်းပြပေးခဲ့ပါသည်။ စီမံကိန်းစတင်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရပ်ရွာလူထု၏သဘောထားအမြင်များအား ဝေမျှရန်ရည်ရွယ်၍ သူမအနေဖြင့် ရပ်ရွာလူထု၊ ကျေးရွာမှအာဏာရှိသူများ၊ သတ္တုတူးဖော်ရေးကုမ္ပဏီမှသူများပါဝင်သော အစည်းအဝေးကို သုံးကြိမ်တိုင်တိုင်ပြုလုပ်ခဲ့ပါသည်။ ယင်းစီမံကိန်းနှင့် ပတ်သက်၍ ရပ်ရွာလူထု၏သဘောထားအရ လက်ခံရန်ငြင်းဆိုခဲ့ခြင်းကြောင့် သူမအနေဖြင့် ရှမ်းပြည်နယ်အစိုးရ နှင့် နေပြည်တော်ရှိ အစိုးရရုံးသို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် စာတင်အကြောင်းကြားခဲ့ပါသည်။ ယခုလက်ရှိအချိန်တွင်မူ ၎င်းတို့အနေဖြင့် အစိုးရထံမှ ပြန်စာကို စောင့်ဆိုင်းလျက်နေကြသော်လည်း သတ္တုတူးဖော်ရေး ကုမ္ပဏီမှာမူ စီမံကိန်းအားရပ်တန့်ခဲ့ပြီး ပြန်လည်ဆုတ်ခွာသွားပြီဖြစ်သည်။

လွင်မာအေး၏ လုပ်ဆောင်ချက်များကြောင့် သူမ၏ရပ်ရွာရှိလူထုများသည်လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း(FPIC) ပတ်သက်၍ ပိုမိုသိရှိလာကြပြီး သတ္တုတူးဖော်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲအကျိုးအပြစ်များကိုလည်း ပိုမိုသိရှိလာကြသည်။ ထိုသတ္တုတူးဖော်ရေးကုမ္ပဏီမှာ စီမံကိန်းအား ရပ်တန့်ခဲ့သော်လည်း သူမအနေဖြင့် ဒေသတွင်းအာဏာပိုင်များနှင့် ကုမ္ပဏီများ၏ ခြိမ်းခြောက်မှုကို ခံနေရဆဲဖြစ်သည်။ ဒေသတွင်း အာဏာပိုင်များမှ သူမလုပ်ဆောင်နေသော အရာများအားရပ်တန့်ရန် ပြောကြားခဲ့ပါသည်။ သူမနှင့် သူမ၏အဖွဲ့အစည်းမှာ မိမိတို့လုပ်ငန်းများအား တရားဝင်လုပ်ဆောင်ရန် သက်ဆိုင်သောကုမ္ပဏီမှတ်ပုံတင် မရှိသည့်အတွက် သူမအနေဖြင့် ဆက်လက်လုပ်ဆောင်ပါက ဖမ်းဆီးထိန်းသိမ်းခြင်းခံရနိုင်ချေရှိလာပါသည်။ အလားတူပင် ဝေါင်ပိသတ္တုတူးဖော်ရေးကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးသည် သူမအားဓါးဖြင့်ရွယ်၍ လိင်ပိုင်းဆိုင်ရာအစွမပြုကျင့်မည်ဟူ၍လည်း ခြိမ်းခြောက်ခဲ့ပါသည်။

ထိုကဲ့သို့ အခြေအနေများရှိနေလျက်ပင် မည်ကဲ့သို့သော ကိစ္စရပ်များအတွက်မဆို သူမအနေဖြင့် လိုအပ်သော သတင်းအချက်အလက်များမျှဝေပေးပါမည်ဟု ကျေးရွာရှိဦးဆောင်သူများ (ကျေးရွာစီမံအုပ်ချုပ်ရေး) သဘောတူညီမှုတစ်ခုထားရှိခဲ့ပါသည်။ ထို့သို့ကျေးရွာခေါင်းဆောင်များနှင့် ပုံမှန်အဆက်အသွယ်ရှိနေခြင်းသည် သူမအား ၎င်းတို့၏ယုံကြည်မှု၊ လေးစားမှုနှင့် အကာအကွယ်ပေးမှုများအားရရှိစေပြီး သူမအနေဖြင့် မည်သို့သော အသက်အန္တရယ်ခြိမ်းခြောက်မှုများနှင့် ထောင်သွင်းအကျဉ်းချခံရမှုများကို ဂရုမထားပဲ သူမလုပ်ဆောင်နေသောအရာများကို ဆက်လက်လုပ်ဆောင်ရန်အတွက် ထပ်လောင်းအားဖြစ်စေပါသည်။ သူမသည် ငယ်ရွယ်သောအမျိုးသမီးခေါင်းဆောင်တစ်ဦးအဖြစ် လက်ခံအသိအမှတ်ပြုခြင်းခံခဲ့ရသည်။ ရပ်ရွာလူထုအတွင်း ပြတ်သားမြင်သာမှုရှိသောခေါင်းဆောင်မှုကဏ္ဍအား အမျိုးသမီးများရရှိစေရန်အတွက် များစွာသောအပြောင်းအလဲများနှင့် လုပ်ဆောင်ချက်များ လိုအပ်လျက်ကျန်ရှိနေသေးသည်။ အလားတူပင် အမျိုးသမီးများနှင့် ဌာနေတိုင်းရင်းသားများအား ဖိနှိပ်ခွဲခြားဆက်ဆံခြင်း၊ ထို့အပြင်၎င်းတို့အပေါ်လူ့အခွင့်အရေးချိုးဖောက်မှုများအား ရပ်တန့်ရန်အတွက် များစွာသောပြောင်းလဲမှုများနှင့် လုပ်ဆောင်ချက်များလည်း လိုအပ်လျက်ရှိပါသည်။ ထို့ကဲ့သို့သော အကြောင်းပြချက်များကြောင့် ငယ်ရွယ်တက်ကြွသော အမျိုးသမီးတစ်ဦးဖြစ်သည့် မလွင်မာအေးအနေဖြင့် အမျိုးသမီးများနှင့် ဌာနေတိုင်းရင်းသားများအား ဖိနှိပ်ခွဲခြားဆက်ဆံခြင်း၊ ထို့အပြင်၎င်းတို့အပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများအား ဆန့်ကျင်တွန်းလှန်တိုက်ခိုက်သွားရန် စိတ်ပိုင်းဖြတ်ထားခြင်းဖြစ်သည်။



# eef;i,f,f

Xmaewkd&ifom;vlrsdK;rsm;\ tcGifha&;tm;jrSifhwifay;ol

အမည် – နန်းငယ်ငယ်

လူမျိုး – ပအိုဝ်

နေရပ်လိပ်စာ – အောင်ပန်းမြို့၊ ရှမ်းပြည်နယ်။

မြန်မာနိုင်ငံသည် များစွာသောဌာနေတိုင်းရင်းသားများ သို့မဟုတ် များစွာသော တိုင်းရင်းသားလူနည်းစုများ၏ နေထိုင်ရာဒေသတစ်ခုဖြစ်သည်။ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ယဉ်ကျေးမှုနှင့် ဘာသာစကား ကွဲပြားမှုအများဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟုလည်း ◌းပြောကြသည်။ နိုင်ငံအနေဖြင့် အင်္ဂလိပ်လက်အောက်ခံကိုလိုနီဘဝမှ ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်လပ်ရေးရခဲ့ခြင်းဖြစ်သည်။ သို့ပါသော်လည်း မြန်မာနိုင်ငံအနေဖြင့် အတွင်းရေးပဋိပက္ခများစွာရှိခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် စစ်အစိုးရမှ အာဏာသိမ်းယူခဲ့သည်။ ထိုအချိန်ခန့်မှစတင်၍ များစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိလာခဲ့သည်။ ၂၀၁၀ ခုနှစ်တွင်မှ နိုင်ငံအား ဒီမိုကရေစီစနစ်သို့ ပြောင်းလဲခဲ့သည်။

စစ်တပ်အုပ်ချုပ်မှုကာလများအတွင်း နိုင်ငံရေးသမားများ၊ စစ်တပ်ဆန့်ကျင်သူများနှင့် လူ့အခွင့်အရေးလှုပ်ရှား သူများသည် နည်းလမ်းစနစ်ကျစွာဖြင့် ဖိနှိပ်ခြင်းခံခဲ့ရခြင်းနှင့် တိုင်းပြည်မှထွက်သွားရန် အဓမ္မဖိအားပေးခြင်း ခံခဲ့ရပါသည်။ ဒီမိုကရေစီစနစ် ကျင့်သုံးပြီးနောက်တွင်လည်း လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး ချိုးဖောက်မှုများစွာရှိခဲ့ပါသည်။ များစွာသောလူတို့သည် လူ့အခွင့်အရေးချိုးဖောက်မှုများအား ဆန့်ကျင်ရန်နှင့် ၎င်းတို့၏အခွင့်အရေးများအား ကြွေးကြော်တောင်းဆိုရန်အတွက် ကြောက်ရွံ့နေခဲ့ကြသည်။ ထို့အပြင်သာမက မြန်မာနိုင်ငံတွင် အမျိုးသားဦးဆောင်မှုစနစ်မှာကြီးစိုးလျက်ရှိပြီး အမျိုးသမီးများအား အမျိုးသားများအောက် နိမ့်ကျကြသည်ဟု သတ်မှတ်လျက်ရှိကြသည်။ သို့ဖြစ်ပါ၍ အမျိုးသမီးများအား ခေါင်းဆောင်များနှင့် ဆုံးဖြတ်ချက်ချပေးနိုင်သူများ အခန်းကဏ္ဍအဖြစ်မှ ဖယ်ကျဉ်ထားခံရပြီး ၎င်းတို့သည်မြေပိုင်ဆိုင်နိုင်သော အခွင့်အာဏာလည်းမရရှိကြပါ။ သို့ပါသော်လည်း ပအိုဝ်လူမျိုးများနှင့် ဓနုလူမျိုးများနေထိုင်ကြသော ရှမ်းပြည်နယ်တောင်ပိုင်းတွင် “လူ့ခွင့်အရေးများအတွက်လှုပ်ရှားသူ” နှင့် “ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို မြှင့်တင်ပေးသူ” အဖြစ်တက်ကြွစွာလုပ်ဆောင်လျက်ရှိသော အမျိုးသမီးတစ်ဦးရှိပါသည်။

အသက် ၃၉ နှစ်အရွယ်ရှိပြီးဖြစ်သော ကလေးငါးဦး၏မိခင် နန်းငယ်ငယ်သည် မြန်မာနိုင်ငံ၏ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောဒေသအတွင်းရှိ အောင်ပန်းမြို့တွင်နေထိုင်သူ ပအိုဝ်တိုင်းရင်းသားတစ်ဦးဖြစ်သည်။ ၁၉၉၉ခုနှစ်တွင် သူမသည် ချင်းလူမျိုး အမျိုးသားတစ်ဦးဖြင့် အိမ်ထောင်ပြုခဲ့ပါသည်။ ၂၀၀၇ခုနှစ်တွင် သူမ၏အမျိုးသားမှာ ကွယ်လွန်ခဲ့ပြီး ထိုအချိန်တွင် သမီးငါးယောက်ရှိထားခဲ့ပြီးဖြစ်သည်။ သမီးငါးဦးတွင် အကြီးဆုံးမှာ အသက် ၉ နှစ်သာရှိပြီး အငယ်ဆုံးသမီးမှာ အသက် ၁ လ သာရှိပါသေးသည်။ စိတ်ဓာတ်ကြံ့ခိုင်သော ဌာနေတိုင်းရင်းသူအမျိုးသမီးတစ်ဦးဖြစ်သည့်အလျောက် သူမအနေဖြင့် မိမိ၏ ကလေးငါးယောက်လုံးကို ရိုးရာများအတိုင်း မိမိတတ်ကျွမ်းသောလယ်ယာလုပ်ကိုင်ခြင်းအားဖြင့် ကြိုးစား၍ပြုစုပျိုးထောင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ဒုတိယအိမ်ထောင်ပြုခဲ့ပြီး နောက်ထပ်သမီးတစ်ဦး ထွန်းကားလာခဲ့သည်။

သက္ကရာဇ် ၂၀၁၀ခုနှစ်သည် မြန်မာနိုင်ငံအတွက် သမိုင်းဝင်နှစ်တစ်နှစ်ဖြစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုနှစ်တွင် စစ်အစိုးရမှ လွတ်လပ်၍ မျှတသော ရွေးကောက်ပွဲအားကျင်းပေးခဲ့သောကြောင့်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ရှစ်ယောက်မြောက်သမ္မတအနေဖြင့် ဦးသိန်းစိန်မှ ရွေးချယ်တင်မြောက်ခြင်းခံခဲ့ရသည်။ ဦးသိန်းစိန်သည် စစ်အစိုးရ၏ ဝန်ကြီးချုပ်ဟောင်းဖြစ်ခဲ့ဘူးသူတစ်ဦးလည်းဖြစ်သည်။ ထိုနေ့ရက်မှ စတင်၍ မြန်မာနိုင်ငံအတွင်းနေထိုင်ကြသူများသည် အင်တာနက်ဝက်ဘ်ဆိုဒ်များနှင့် မီဒီယာများမှတစ်ဆင့် လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်များ ရရှိလာခဲ့ကြသည်။ သို့ပါသော်လည်း ကန့်သတ်ချက်တစ်ချို့မှာမူ ရှိနေဆဲဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အမျိုးသမီးများအား အိမ်တွင်းလိင်အကြမ်းဖက်ခြင်းကဲ့သို့သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ဖွံ့ဖြိုးတိုးတက်ရေးအမည်ခံ ကုမ္ပဏီကြီးများ၏မြေသိမ်းယူခြင်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် သို့မဟုတ် သဘာဝသယံဇာတများအား ထုတ်ယူခြင်းကြောင့် သစ်တောများပျက်စီးဆုတ်ယုတ်လာခြင်းနှင့် ဂေဟစနစ်များ ပျက်စီးလာခြင်း အစရှိသည်တို့အား လူသိများစေရန် ပို၍ဆောင်ရွက်လာနိုင်ခဲ့သည်။ ယင်းကဲ့သို့ အခွင့်အရေးချိုးဖောက်မှုများသည် ဌာနေတိုင်းရင်းသားများနေထိုင်ကြသော ဒေသများတွင် အများဆုံး ဖြစ်ပွားကြသည်။ အလားတူပင် ရှမ်းပြည်နယ်ရှိ ယင်းဒေသများတွင် သတ္တုတူးဖော်ရေးနှင့်ဆိုင်သော စီမံကိန်းများနှင့် ရင်နှီးမြှုပ်နှံမှုများစွာရှိနေခြင်းသာမက စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းကြောင့်လည်း များစွာသောမြေသိမ်းယူခြင်းများကို ဖြစ်ပေါ်စေပါသည်။

လူအများသည် လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတမရှိခြင်းနှင့် လက်ရှိတရားရေးမူဘောင်များမှ တရားစီရင်ရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများအား သိရှိမနေခြင်းကြောင့် မိမိတို့အပေါ်လူ့အခွင့်အရေး ချိုးဖောက်ခြင်းခံနေရမှုအတွက် ပြန်လည်ပြောဆိုရပ်တည်ခြင်းမရှိသည်ကို နန်းငယ်ငယ်အနေဖြင့် ၂၀၁၂ခုနှစ်တွင် သတိပြုမိခဲ့သည်။ ယင်းအချက်များကြောင့် သူမအနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများအား လက်ရှိတည်ဆဲဥပဒေဘောင်အတွင်းမှ အကာအကွယ်ပေးရန်နှင့် မိမိတို့ရပ်ရွာလူထု၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန် ပြင်းပြသောဆန္ဒကို ဖြစ်ပေါ်စေပါသည်။ ထို့သို့ဖြင့် ရပ်ရွာလူထုသည် ၎င်းတို့၏ အခွင့်အရေးများထိခိုက်နိုင်ပြီး၊ အသက်မွေးဝမ်းကြောင်းများအား ပျက်စီးစေသည့် ဖွံ့ဖြိုးရေးအမည်တပ်ထားသော ကုမ္ပဏီများမှ လာရောက်သည့်အချိန်တိုင်းတွင် မိမိတို့၏ မြေနှင့် အခွင့်အရေးများကို ကာကွယ်နိုင်မည်ဖြစ်သည်။ သူမအနေဖြင့် ညီညွတ်သော လယ်သမားများမြေယာအဖွဲ့အစည်း (Farmers Land Union Organization – FLU) ဖြင့်ချိတ်ဆက်ခဲ့ပြီး ဦးဝင်းရှင်မြတ်နှင့်အတူလုပ်ငန်းများလုပ်ကိုင်ခဲ့သည်။ သူမအနေဖြင့် မြေယာဥပဒေနှင့် ဓလေ့ထုံးတမ်းဆိုင်ရာလုပ်ပိုင်ခွင့်များ၊ ကျားမရေးရာနှင့် အမျိုးသမီးအခွင့်အရေးများ၊ ဆက်လက်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးများ အစရှိသည်တို့ဖြင့် ပတ်သက်၍ ဆရာဖြစ်သင်တန်းများ (TOT) အားလေ့ကျင့်သင်ကြားပေးခြင်းဖြင့် စွမ်းရည်မြှင့်တင်ပေးလျက်ရှိသည်။ ရပ်ရွာလူထုအဆင့် ဥပဒေနှင့် မူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများ ကြီးမှူးကျင်းပပေးပြီး လူအများအား မိမိတို့၏ အတွေ့အကြုံများအား ပြန်လည်ဝေမျှရန် နှင့် စိန်ခေါ်မှုများအား ဆွေးနွေးပေးရန်အတွက် တိုက်တွန်းခွန်အားပေးပါသည်။ ထိုထက်မက လွှတ်တော်ကိုယ်စားလှယ်များဖြင့်ပတ်သက်သော ပြဿနာများကိုလည်း တရားဝင်ဖြစ်စေ၊ အလွတ်သဘောသွယ်ဝိုက်သော နည်းလမ်းများဖြင့်ဖြစ်စေ ဖော်ဆောင်ထောက်ပြပေးခဲ့ပါသည်။ ဤသို့သောနည်းလမ်းများဖြင့် ဌာနေတိုင်းရင်းသားလူထုများသည် ၎င်းတို့၏စိန်ခေါ်မှုအခက်အခဲများကို သက်ဆိုင်သော အစိုးရအာဏာပိုင်များထံ အစီရင်ခံနိုင်ခဲ့ပြီး ၎င်းတို့လူထု၏ အခွင့်အရေးများအား ချိုးဖောက်မှုခံရချိန်တိုင်းတွင် ပြန်လည်ခုခံကာကွယ်ရန်တွက် ကူညီထောက်ပံပေးမှုများကို ရရှိခဲ့ပါသည်။ ထိုအချိန်မှစ၍ သူမအနေဖြင့် ဌာနေတိုင်းရင်းသူအမျိုးသမီးကိုယ်စားလှယ်တစ်ဦး အနေဖြင့်သော်လည်းကောင်း၊ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးအတွက် လှုပ်ရှားသူ (သို့) ခုခံကာကွယ်ပေးသူတစ်ဦးအဖြစ်လည်းကောင်း တက်ကြွစွာပါဝင် လုပ်ဆောင်လာခဲ့ပါသည်။

“ သူမအား အပြစ်တင်ခြင်း၊ ဝေဖန်ခြင်း သို့မဟုတ် ရပ်တန့်လိုက်ရန်ပြောဆိုခြင်းများကိုလည်း အခါအားလျော်စွာကြုံခဲ့ရသည်။ ၎င်းတို့သည် သူမလုပ်ကိုင်နေသောအလုပ်များအား အမျိုးသားများကို လက်လွှဲလုပ်ဆောင်စေရန်လည်း တိုက်တွန်းပြောကြားကြသည်။

မည်မျှပင်လုပ်ဆောင်ပေးခဲ့စေကာမူ သူမအနေဖြင့် များစွာသောစိန်ခေါ်မှုနှင့် အခက်အခဲများကို ရင်ဆိုင်ခဲ့ရပါသည်။ ရှေ့ယခင်ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံတွင် အမျိုးသားဦးဆောင်မှုစနစ်ကြီးစိုးလျက်ရှိပြီး အမျိုးသမီးများ ခေါင်းဆောင်မှု အခန်းကဏ္ဍများတွင်ပါဝင်ဆောင်ရွက်ကြခြင်းကို အလွယ်တကူလက်ခံခြင်းမရှိပါ။ သူမအနေဖြင့် ပထမဦးဆုံးကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုမှာ သူမ၏ ဆွေမျိုးများနှင့် အသိုင်းအဝိုင်းများမှ လာသောစိန်ခေါ်မှုများဖြစ်သည်။ သူမအား အပြစ်တင်ခြင်း၊ ဝေဖန်ခြင်း သို့မဟုတ် ရပ်တန့်လိုက်ရန် ပြောဆိုခြင်းများကိုလည်း အခါအားလျော်စွာကြုံခဲ့ရသည်။ ၎င်းတို့သည် သူမလုပ်ကိုင်နေသောအလုပ်များအား အမျိုးသားများကို လက်လွှဲလုပ်ဆောင်စေရန်လည်း တိုက်တွန်းပြောကြားကြသည်။ အမျိုးသားတစ်ဦး ဘေးတွင်မရှိဘဲ အမျိုးသမီးတစ်ဦးတည်းသာ တစ်ချိန်လုံးခရီးထွက်နေရခြင်းမှာ မသင့်တော်ပါဟု လူအများအနေဖြင့် တွေးမြင်ကြသည်။ ဒုတိယတစ်ခုမှာ အမျိုးသမီးတစ်ဦးအနေဖြင့် ရပ်ရွာလူထု၏ယုံကြည်မှုရရှိရန် ဆောင်ရွက်ခြင်းအတွက် ခက်ခဲမှုများကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ သို့ပါသော်လည်း ဌာနေတိုင်းရင်းသား အသိုက်အဝန်းများအတွင်း လူ့အခွင့်အရေးများ၊ UNDRIP အပါအဝင် နိုင်ငံတကာ နှင့် မိမိတို့နိုင်ငံ၏ ဥပဒေမူဘောင်များအတွင်းရှိ တည်ဆဲဥပဒေများ၊ မူဝါဒများ အစရှိသည်တို့ဖြင့် ပတ်သက်သော အသိပညာများ မြင့်မားလာစေရန် စိတ်အားထက်သန်စွာဆောင်ရွက်ခြင်းနှင့် ပေးဆပ်လုပ်ကိုင်မှုများအားဖြင့် သူမသည် အခက်အခဲများအားလုံးကို ကျော်လွှားခဲ့သည်။ သူမအနေဖြင့် အရာအားလုံးကို စိတ်ရှည်စွာရှင်းပြခဲ့ရပြီး နောက်ဆုံးဆွင် သူမတို့ရပ်ရွာလူထုနှင့် အခြား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAOs)ထံမှ ယုံကြည်မှုလည်းရရှိခဲ့သည်။ အမျိုးသမီးတစ်ဦးအနေဖြင့် အစိုးရဖြစ်စေ သို့မဟုတ် အခြားအဖွဲ့အစည်းများဖြစ်စေ လူအများဖြင့် အေးဆေးတည်ငြိမ်းစွာ ဆက်ဆံနိုင်သော ပင်ကိုယ် စွမ်းရည်နှင့် သည်းခံနိုင်စွမ်း၊ ပြောဆိုဆက်သွယ်ခြင်းဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးများ ပိုမိုကောင်းမွန်လာရန်အတွက် သူမအနေဖြင့် ကြိုးစားခဲ့ရပါသည်။ ထို့ကြောင့် ဌာနေတိုင်းရင်းသားများအတွက် ကိုယ်စားလှယ်ပြုလုပ်ပေးရသည့်အချိန်များတွင် အမျိုးသမီးတစ်ဦး အနေဖြင့် သူမသည် ပိုမိုလွယ်ကူစွာနှင့် ပိုမိုပြည့်စုံစွာ လုပ်ဆောင်နိုင်ခဲ့ပါသည်။

နှစ်ပေါင်းများစွာ ခက်ခက်ခဲခဲကျော်ဖြတ်ခဲ့ရပြီးနောက် နန်းငယ်ငယ်အနေဖြင့် အစိုးရအာဏာပိုင်များ နှင့် အနယ်နယ်အရပ်ရပ်မှ မြေယာ၊ အမျိုးသမီးအရေး၊ သဘာဝပတ်ဝန်းကျင် နှင့် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအတွက် လုပ်ဆောင်လျက်ရှိသည့် United States Agency for International Development (USAID)၊ မေတ္တာ(Metta)၊ မြေယာမဏ္ဍိုင်အဖွဲ့ (LCG)၊ မဲခေါင်ဒေသမြေယာစီမံအုပ်ချုပ်မှု (MRLG)၊ မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB)၊ ပေါင်းကူးနှင့် အရပ်လက်လူမှုအဖွဲ့အစည်းများ (CSO) ကဲ့သို့သော အဖွဲ့အစည်းများစွာဖြင့် ကောင်းမွန်သော ဆက်ဆံရေးတစ်ခုရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် သူမအနေဖြင့် POINT နှင့် ချိတ်ဆက်မှုရရှိခဲ့ပြီး ဌာနေတိုင်းရင်းသားများဖြင့်ပတ်သက်သော အသိပညာဗဟုသုတများသာမက UNDRIPနှင့် REDD+အစီအစဉ်အောက်တွင်ရှိသော ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများဖြင့် ပတ်သက်၍လည်း များစွာသော အသိပညာများကို ဆည်းပူးရရှိခဲ့သည်။ UNDRIP တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ မြေပိုင်ဆိုင်ခွင့်များအပြင် သစ်တော နှင့် သဘာဝသယံဇာတများအား စီမံခန့်ခွဲပိုင်ခွင့် အစရှိသော အခွင့်အရေးများကို ပြဌာန်းထားသည်။ UNDRIP နောက်မှလိုက်သော REDD+ အစီအစဉ်သည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သစ်တောပျက်ဆီးခြင်း နှင့် ပြုန်းတီးခြင်းမှ ကာဗွန်ထုတ်လုပ်မှုအားလျှော့ချရန်ဖြစ်သည်။ ယင်းသည် သူမအား အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်အကြား ရေးပါသော အပြန်အလှန်ဆက်နွယ်မှုများကို နားလည်သဘောပေါက်စေပါသည်။ ထို့ကြောင့်သူမအနေဖြင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများအား မြှင့်တင်ခြင်းများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍပိုမိုအားကောင်းလာစေရန်ဆောင်ရွက်ရန်အတွက် ပိုမိုစိတ်အားထက်သန်လာ ခဲ့ပါသည်။ သူမ၏ ကိုယ်ရည်ကိုယ်သွေးများနှင့် အသိပညာဗဟုသုတများအပြင် သူမ၏ အဆက်အသွယ်များနှင့် အပေါင်းအသင်းအသိမိတ်ဆွေများကြောင့် သူမအနေဖြင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများအား ခုခံကာကွယ်ခြင်းနှင့် မြှင့်တင်ပေးခြင်းများတွင် ပိုမိုပြည့်စုံစွာ ဆောင်ရွက်လာနိုင်ခဲ့သည်။ ရလဒ်အနေဖြင့် သူမသည် မြန်မာနိုင်ငံအတွင်း REDD+ အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်သော ဒေသဆိုင်ရာ အလုပ်ရုံအစည်းအဝေးသို့ ဖိတ်ကြားခြင်းခံခဲ့ရပါသည်။ ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ပတ်သက်သော နည်းပညာဆိုင်ရာ အလုပ်အဖွဲ့ (Safeguards TWG) အတွက် နှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်စနစ်များ (SIS) ပြင်ဆင်ခြင်းတွင် ဌာနေတိုင်းရင်းသားများ၏ ကိုယ်စားလှယ်တစ်ဦးအနေဖြင့် လည်းပါဝင်ခဲ့ပါသည်။




"

သူမသည် အလုပ်ရုံဆွေးနွေးပွဲအတွင်း ဌာနေတိုင်းရင်းသားများ၏ အမြင်များကိုတင်သွင်းခဲ့ပြီး ဥပဒေနှင့် မူဝါဒများတွင် ဌာနေတိုင်းရင်းသားများအား ထည့်သွင်းရန် မူဝါဒရေးဆွဲသူများအား စည်းရုံးခဲ့သည်။

ကာကွယ်စောင့်ရှောက်မှုများတွင် မူဝါဒများ နှင့် ဒေသခံလူထုအပေါ်တွင် REDD+ အစီအစဉ်၏ အကျိုးသက်ရောက်မှုများအား ဖြေရှင်းပေးသည့် အစီအမံများ၊ ထို့အပြင် ဌာနေတိုင်းရင်းသားများ နှင့် အမျိုးသမီးများ၏ အခွင့်အရေးများအား လေးစားမှုရှိသည်မှာ သေချာစေရန် ဆောင်ရွက်ခြင်းများပါဝင်သည်။ ၎င်းတို့သည် အစီအစဉ်အား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိကကျသောအချက်များအတွင်းမှ တစ်ချက်အပါအဝင်အဖြစ်သည်။

သူမသည် အလုပ်ရုံဆွေးနွေးပွဲအတွင်း ဌာနေတိုင်းရင်းသားများ၏ အမြင်များကိုတင်သွင်းခဲ့ပြီး ဥပဒေ နှင့် မူဝါဒများတွင် ဌာနေတိုင်းရင်းသားများအား ထည့်သွင်းရန်အတွက်လည်း မူဝါဒရေးဆွဲသူများအားသတင်းပေး စည်းရုံးခဲ့သည်။ သူမအနေဖြင့် နိုင်ငံလုံးဆိုင်ရာ သစ်တောလုပ်ငန်းဆိုင်ရာ ဖိုရမ် (national Forum on Forestry)၊ ဒေသခံ အစုအဖွဲ့ပိုင်သစ်တောများ (CF) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နည်းဗျူဟာများနှင့် ဌာနေတိုင်း

ရင်သားများ၏ ရိုးရာထုံးထိန်းသိမ်း မြေနေရာများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (ICCA) တွင်လည်း ပါဝင်ခဲ့ပါသည်။ လက်ရှိသစ်တောဥပဒေအောက်တွင် ရပ်ရွာအစုအဖွဲ့ပိုင် မြေနေရာများအား အသိအမှတ်ပြုပေးထားသော်လည်း ယင်းမြေနေရာများအား မည်ကဲ့သို့ အသိအမှတ်ပြုသိရှိနိုင်ကြောင်းနှင့် စီမံခန့်ခွဲနိုင်ကြောင်းကိုမူ ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ ထို့ကြောင့် အစိုးရ၏စီမံခန့်ခွဲမှုအားဖြင့် ယင်းဒေသခံအစုအဖွဲ့ပိုင်သစ်တောများ (CF)ဖြင့်ပတ်သက်သော မြေပိုင်ဆိုင်မှုအခွင့်အရေးအား နှစ်ပေါင်း ၃၀ အထိ သက်တမ်းတိုးနိုင်သည်။ အခြားတစ်ဘက်တွင်လည်း ICCAs သည် ရပ်ရွာလူထု၏ မြေပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုပြီး ယင်းမြေများအား စီမံခန့်ခွဲရန် နှင့် ယင်းမြေများမှရရှိသော အကျိုးအမြတ်များအားခံစားရန် အချိန်အကန့်အသတ်မရှိ အပြည့်အဝလုပ်ပိုင်ခွင့်ပေးထားပါသည်။ ICCAs အား အသိအမှတ်ပြုရန် နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သူမအနေဖြင့် တက်ကြွစွာ စည်းရုံးလှုံ့ဆော်ခဲ့ပြီး ဆက်လက်၍လည်း ဌာနေတိုင်းရင်းသားလူထုများအကြားတွင် အသိပညာများမြင့်မားလာ စေရန်အတွက် ဆောက်ရွက်လျက်ရှိသည်။ သူမသည် ၂၀၁၆ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံတွင်ပြုလုပ်သော ခြောက်ကြိမ်မြောက် “အာဆီယံ လူမှုသစ်တောလုပ်ငန်း” (ASEAN Social Forestry) အစည်းအဝေးနှင့် “အာဆီယံအတွင်းရှိ ဌာနေတိုင်းရင်းများအပေါ်တွင်ပြုလုပ်သော အရပ်ဘက်လူမှုအဖွဲ့အစည်း ဖိုရမ်” (CSO Forum on Indigenous Peoples in ASEAN) များသို့ တက်ရောက်ခဲ့ပါသည်။ သူမအနေဖြင့် အားဆီယံနိုင်ငံများမှ များစွာသောဌာနေတိုင်းရင်းသား ခေါင်းဆောင်များဖြင့် တွေ့ဆုံခဲ့ရပြီး အားဆီယံအတွင်းရှိ အခြားဌာနေတိုင်းရင်းသားများကိုလည်း လေ့လာခွင့်ရရှိခဲ့ပါသည်။




နန်းငယ်ငယ်သည် ဌာနေတိုင်းရင်းသား လူထုများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဖိနှိပ်ဆက်ဆံခြင်းများအား အဆုံးသတ်ရန်အတွက် နှစ်ချိုက်စွာနှင့် စိတ်အားထက်သန်စွာ လုပ်ဆောင်လျက်ရှိသည်။ သူမအနေဖြင့် ဌာနေတိုင်းရင်းသူအမျိုးသမီးများအားလုံးမှာ အားပေးမြေတောင်မြှောက်ပေးခြင်းခံရပြီး ပညာရေးနှင့် ခေါင်းဆောင်မှုအခန်းကဏ္ဍများတွင် အခြားသူများဖြင့် တူညီစွာရရှိနိုင်ရန်အတွက် မျှော်လင့်လျက်ရှိ သည်။

သူမအနေဖြင့် ဌာနေတိုင်းရင်းသူအမျိုးသမီးများအား မြေယာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဆက်လက်၍ သစ်တောစီမံခန့်ခွဲရေးများဖြင့် ပတ်သက်ပြီး ခေါင်းဆောင်မှုအခန်းကဏ္ဍများတွင် ပါဝင်နိုင်သည်အထိ အထောက်အကူပေးရန် ရည်ရွယ်ထားပါသည်။ ထိုအပြင်သာမကဘဲ လက်ရှိ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) များဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များတွင် ဆုံးဖြတ်ချက်ချနိုင်သူများ အခန်းကဏ္ဍမှ ပါဝင်နိုင်ရန်အတွက်လည်း သူမအနေဖြင့် ရည်ရွယ်၍ အထောက်အကူပေးလျက်ရှိသည်။ သူမအကြံပြု ပြောကြားခဲ့သည်မှာ “ဌာနေတိုင်းရင်းသားအမျိုးသမီးများ မိမိတို့၏ အခွင့်အရေးများအား တောင်းဆိုရန်နှင့်မြှင့် တင်ရန်အတွက် စည်းစည်းလုံးလုံးဖြင့် အတူတကွ လက်တွဲလုပ်ဆောင်သင့်ပါသည်။” ဟု၍ဖြစ်သည်။

# rdkifyef;&D

trsdK;orD;vlUtcGifha&;ckH;uGef;ay;oDS
ukdk;f 19umvtwGif;Xmaewkdk;&if;on;trsdK;orD;\ tcef;u@



အမည် – မိုင်ပန်းရီ

လူမျိုး – အရှိုချင်း

နေရပ်လိပ်စာ – ဘုန်းဘောရွာ၊ ငဖဲမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

မိုင်ပန်းရီသည် နွယ်ကျေးရွာမှ ၂၇နှစ်အရွယ်အမျိုးသမီးတစ်ဦးဖြစ်ပါသည်။ သူမသည် လူနည်းစုအရှိုချင်းဌာနေတိုင်းရင်းသားမှ ဌာနေအမျိုးသမီးတစ်ဦးဖြစ်ပါသည်။ လယ်ယာလုပ်ငန်းအပြင် သူမသည် ဒေသခံလူထုအသိုင်းအဝိုင်းအတွက် ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေး အစရှိသည့် ကျန်မာရေးဆိုင်ရာ အသိအမြင်ဖွင့်ကူညီဆောင်ရွက်ပေးရန် စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။ နောက်ပိုင်းတွင် လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူအဖြစ် ပါဝင်လုပ်ဆောင်ခဲ့ပါသည်။

**ဒေသခံလူထုအဖွဲ့ဝင်များမှ လက်ရှိတည်ဆဲ သစ်တောဥပဒေနှင့်မူဝါဒများကို မသိရှိကြသဖြင့် ကြိုးဝိုင်းသစ်တောများနှင့် ၎င်းကို အစိုးရမှ မည်ကဲ့သို့စီမံအုပ်ချုပ်နေသည်ကို သိရှိနားလည်မနေပေ။ သူမသည် ကျေးရွာဒေသခံများအား ၎င်းတို့၏ ဘိုးဘွားပိုင်မြေများသည် အခြားသူ လုယူသိမ်းဆည်းနိုင်ခြင်းမရှိဟု အသိပေးရှင်းပြထားသည်။ အစိုးရမှ ပုံစံ (၇)လက်မှတ်အား မြေယာများ မှတ်ပုံတင်ရန်အတွက် ထုတ်ပေးထားသော်လည်း ဒေသခံကျေးရွာများမှ ၎င်းတို့မြေယာပိုင်ဆိုင်မှုအထောက်အထားများကို တင်ပြပေးရသည်။ အထူးသဖြင့် ရိုးရာဓလေ့ပိုင်ဆိုင်မှုများသည် အချက်အလက် အတိအကျဖြင့် သက်သေပြရန် ခက်ခဲနေပြီး ရံဖန်ရံခါ ဆွေးနွေးငြင်းခုံနေမှုများအား ဖြစ်နေစေပါသည်။**

ထို့အပြင် သူမသည် ဒေသခံရပ်ရွာလူထုကို အထောက်အပံ့ဖြစ်စေရန်အတွက် ဖွဲ့စည်းထားသော ရိုးမလူငယ်အလင်းတန်းကွန်ယက်အဖွဲ့တွင်လည်း ခေါင်းဆောင်နေရာတာဝန်ယူထားပါသည်။ သူမကျေးရွာတွင် ကျန်းမာရေးပြဿနာများ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲနှင့် ပညာရေးဆိုင်ရာ စိန်ခေါ်မှုအခက်အခဲတို့အား သတိပြုမိပြီးနောက် ထိုကွန်ယက်အဖွဲ့တွင် စတင်ပါဝင် လှုပ်ရှားရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ဥပမာအနေဖြင့် ကျောင်းဆရာမများသည် အစိုးရမှပေးသော လစာများကိုရရှိနေသော်လည်း သူမ၏ရွာအတွင်းသို့ လာရောက်သင်ကြားပေးချင်လိုသည့် စိတ်မရှိပေ။ သူမသည် သက်သေအထောက်အထား အပြည့်အစုံနှင့်တကွ အစိုးရပညာရေးဌာနသို့ တိုင်ကြားစာကို ပေးပို့ခဲ့သည်။ သွားရေးလာရေး ခက်ခဲလွန်းလှကာ ဒေသခံကျေးရွာသူရွာသားများမှ ကျန်းမာရေးဆိုင်ရာ အထောက်အပံ့ ပစ္စည်းဆေးဝါးများကို မရရှိကြသဖြင့် ရွာတိုင်းအတွက် မီးဖွားလက်သည်များနှင့် ကျန်းမာရေးဝန်ထမ်းများ ရရှိရန်အတွက်လည်း သူမတောင်းဆိုခဲ့ပါသည်။ ၂၀၀၈ခုနှစ်ကတည်းကပင် ကျန်းမာရေးစင်တာတစ်ခုရှိခဲ့ပြီး ယခုနောက်ပိုင်းတွင် သူမ၏ ကျေးရွာအသိုက်အဝန်းတွင် ကျန်းမာရေးဆေးပေးခန်း တစ်ခုရှိလာပါသည်။ သူမက ကျေးရွာလမ်းများအား ပြုပြင်ပေးရန်နှင့် ကျေးရွာများမှ ရေရရှိရေးကိုလုပ်ဆောင်ပေးရန် အစိုးရအား တိုက်တွန်းတောင်းဆိုခြင်းကို ပြုလုပ်ခဲ့ပါသည်။



ထို့အပြင် မြေယာပြဿနာများအတွက် ကြားခံအဖြစ်ဆောင်ရွက်ပေးပြီး ထိုပြဿနာများဖြေရှင်းရန် အတွက် အကြံဉာဏ်များလည်းပေးပါသည်။ ဒေသခံရွာသားများ၏မြေများ ပြန်လည်ရရှိအောင်ကူညီပေးခြင်းနှင့် ပြန်လည်သင့်မြတ်ရေးများအတွက်လည်း ဦးဆောင်ဦးရွက်ပါဝင်လုပ်ဆောင်နေပါသည်။ သူမသည် တရားမဝင်သစ်ထုတ်မှုများနှင့် အောက်ချင်းငှက် (ချင်းလူမျိုးများတန်ဖိုးထားသော ငှက်တစ်မျိုး) ကဲ့သို့သော တောရိုင်းတိရိစ္ဆာန်များရောင်းဝယ်တင်ပို့ခြင်းများကို ကာကွယ်တားမြစ်ရာတွင်လည်း ပါဝင်ခဲ့သည်။ အချို့သောသစ်ခိုးထုတ်သူများထံမှ ခြိမ်းခြောက်ခြင်းများခံခဲ့ရသော်လည်း သူမသည် မတရားသဖြင့် မမှန်မကန် လုပ်ဆောင်နေသူများအား အစိုးရဌာနသို့ တိုင်ကြားသတင်းပေးပို့မြဲ ပို့နေလျက်ရှိပါသည်။ မိုင်ပန်းရီမှ “ သစ်တောမရှိပါက ကျွန်မတို့ဘာမှမလုပ်နိုင်ပါ၊ ဒါကြောင့်သစ်တောကို ကျွန်မတို့တတ်နိုင်သမျှကာကွယ်ရမယ်” ဟုပြောပြပါသည်။

သူမရင်ဆိုင်ရသည့်စိန်ခေါ်မှုများမှာ ထိုထက်မက ရှိနေပါသေးသည်။ သူမတို့၏ယဉ်ကျေးမှုအရ အမျိုးသမီးများအား ခေါင်းဆောင်မှုအပိုင်းတွင်ထားလေ့မရှိပါ။ ၂၀၁၂မှ ၂၀၁၅ အထိ သူမအား အစည်းအဝေးများတက်ရောက်ရန် သူမ၏ကျေးရွာအသိုင်းအဝိုင်းများမှ ခွင့်မပြုခဲ့ပေ။ သူမငယ်စဉ်ကတည်းက ခွဲခြားဆက်ဆံမှုများခံခဲ့ရပြီး ယခုတွင်မူ သူမ၏အခွင့် အရေးများကို သူမကိုယ်တိုင်သိရှိနေပြီဖြစ်သည်။ သူမသည် နောက်ထပ်မည်သည့်ခွဲခြားဆက်ဆံမှုများကိုမဆို မိမိကိုယ်တိုင်ဖြစ်စေ အခြားသူများအတွက်ဖြစ်စေ အကာအကွယ်ပေးဖို့သတ္တိများရှိလာပါသည်။ ထို့ကဲ့သို့ဖြင့် ယခုနောက်ပိုင်းတွင် ရပ်ရွာမှ သူမအားအစည်းအဝေးများသို့ ဖိတ်ကြားခြင်း၊ အကြံဉာဏ်များတောင်းခံခြင်း အတူတကွဆွေးနွေးခြင်းများရှိလာခဲ့ကြသည်။

သူမသည် လူ့အခွင့်အရေးစောင့်ရှောက်သူတစ်ဦးလည်း ဖြစ်သည့်အလျောက် ကျားမတန်းတူညီမျှမှုများနှင့် အိမ်တွင်းအကြမ်းဖက်မှုကိုခံစားနေရသော အမျိုးသမီးများ၊ အဓမ္မပြုကျင့်ခြင်းခံစားရသော အမျိုးသမီးများဖက်မှလည်း ရပ်တည်ကူညီပေးလျက်ရှိပါသည်။ သူမဒေသအတွင်းရှိ အကြမ်းဖက်မှုခံစားရသူများမှာ ရှေ့နေငှါးရမ်းဖို့ ငွေကြေးမတတ်နိုင်ခြင်း၊ တရားဝင် အဖွဲ့အစည်းများမှ အကူအညီများမရရှိနိုင်ခြင်းနှင့် ကူညီထောက်ပံ့ပေးမည့်သူ မရှိခြင်းတို့ကြောင့် တရားရုံးသို့မသွားရောက်ကြပေ။ သို့ဖြစ်၍ ဒေသအစိုးရများနှင့် သက်ဆိုင်ရာအစိုးရဌာနများနှင့် ဆက်သွယ်၍အကူအညီများနှင့်ငွေကြေး ထောက်ပံ့မှုများရရှိစေရေးအတွက် စည်းရုံးလှုံ့ဆော်ခြင်းများလည်း ဆောင်ရွက်ပေးပါသည်။ သက်ငယ်မုဒိန်းမှုနှင့် အိမ်တွင်းအကြမ်းဖက်မှုများအား တရားရင်ဆိုင်ဖြေရှင်းနိုင်ရန် ရှေ့နေများအား အခကြေးငွေမပါဘဲ ကူညီဆောင်ရွက်ပေးစေရန် စည်းရုံးဆောင်ရွက်ခဲ့ပါသည်။ ယခုကဲ့သို့ မလုပ်ဆောင်ပါက ကျူးလွန်ခံရသူများမှာ လျော်ကြေးငွေ ဆယ်သိန်း/ဆယ့်ငါးသိန်းမျှဖြင့် အမှုပြီးပျောက်သွားပါသည်။ တရားခံများအား ဖော်ထုတ်နိုင်ခြင်းမရှိပါက သက်ငယ်မုဒိန်းမှု၏ သားကောင်ဖြစ်သွားရသူမှာ မိမိအသိုင်းအဝိုင်းပတ်ဝန်းကျင်တွင် အများ၏ အထင်အမြင်သေးခြင်းကို ခံရပါသည်။ အကယ်၍ အနည်းငယ်သော လျော်ကြေးငွေဖြင့်သာ ကျေအေးသွားပါက ကျူးလွန်သူ တရားခံမှာ မိမိတွင် အပြစ်မရှိဟု ခံစားသွားစေနိုင်သည်။ သို့သော် တရားဥပဒေအရ စီရင်ပါက ကျူးလွန်သူသည်အပြစ်ပေးခြင်းခံရသည့်အတွက် နောက်နောင် သက်ငယ်မုဒိန်းများ၊ အိမ်တွင်းအကြမ်းဖက်မှုများကို မကျူးလွန်ဖို့ အသိတရားရလာမည်ဖြစ်ပြီး အခြားကျူးလွန်မည့် သူများလည်း လက်တွန့်သွားမည်ဖြစ်သောကြောင့် ထိုကဲ့သို့ကူညီပေးနေခြင်းဖြစ်ပါသည်။

သူမ၏ ကျေးရွာအသိုင်းအဝိုင်းအတွင်းတွင် နောက်ထပ်တွေ့ကြုံနေရသည့် ကိစ္စရပ်တစ်ခုမှာ ကမ္ဘာတစ်ဝန်းလုံးရှိ အာရှဒေသများ ပါမကျန် အရပ်ဒေသတွင် နေထိုင်ကြသော ဌာနေတိုင်းရင်းသားများအတွက် ကြီးမားသည့် စိန်ခေါ်မှုအခက်အခဲတစ်ခုကို ဖြစ်စေသည့် ကိုဗစ်–၁၉ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကြီးပင်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ များစွာသော ဌာနေတိုင်းရင်းသားအရပ်ဒေသများစွာသို့ ကပ်ရောဂါဘေးအကျိုးဆက် ရိုက်ခတ်မှုများဖြစ်ပေါ်လာသော်လည်း ဌာနေတိုင်းရင်းသားများမှာ မိမိတို့၏ အမျိုးမျိုးသော ရိုးရာဓလေ့ အလေ့အထများဖြင့် တုံ့ပြန်ကာကွယ်ခဲ့ကြပါသည်။ သူမ၏ ကျေးရွာအဝင်ပေါက်တွင် သစ်တုံးအရှည်ကြီးဖြင့် ပြုလုပ်ထားသော အတားအဆီးတစ်ခု ချထားပါသည်။ ၎င်းနည်းဖြင့် ကျေးရွာသူရွာသားများ၏ အဝင်အထွက်အသွားအလာများကို ထိန်းချုပ်ကာကွယ်တားဆီးထားနိုင်သည်။ ၎င်းကျေးရွာဂိတ်သည်လည်း ကူးစက်ရောဂါပိုးကို ရွာအတွင်းသို့မဝင်ရောက်ဖို့ ကာကွယ်တားဆီးရန်လိုအပ်သည်ကို ရွာသူရွာသားများအား သတိပေးသလို ဖြစ်နေပါသည်။ သူမသည်လည်း ဒေသခံရွာသူရွာသားများအား အပြင်မထွက်ရန် လိုက်လံအသိပေးပြီး အပြင်သို့ မဖြစ်မနေထွက်ရပါကလည်း နှာခေါင်းစည်းမျက်နှာဖုံးများ ဝတ်ဆင်ကြရန်နှင့် လက်ကိုမကြာခဏ ဆေးကြောရန် တိုက်တွန်းပြောပြပါသည်။ ရွာအတွင်းသို့ ကားအဝင်အထွက်များကိုလည်း သူမကြီးကြပ်စောင့်ကြပ်ပေးပါသည်။ သို့သော်လည်း ရွာသူရွာသားများမှ ထိုကဲ့သို့ လုပ်လေ့လုပ်ထမရှိသဖြင့် တချို့သော အခက်အခဲများကိုလည်း ဖြစ်စေပါသည်။ တချို့သောသူများမှ ချမှတ်ထားသည့် စည်းကမ်းများကို လိုက်နာလိုခြင်းမရှိသဖြင့် “’ဒီအရာတွေက ငါတို့အတွက်မလိုအပ်ဘူး” ဟုအကြောင်းပြလေ့ရှိသည်။

အယောက်စီတိုင်း ချမှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်စေရန် မိုင်ပန်းရီသည် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ အတူတကွ ညှိနှိုင်းဆောင်ရွက်နိုင်စေရန် ကူညီပေးပါသည်။ ထိုတာဝန်ရှိပုဂ္ဂိုလ်များမှ ရပ်ရွာအသိုက်အဝန်းတစ်ခုအနေဖြင့် စည်းစည်းလုံးလုံးရှိပြီး အပြင်သို့မလိုအပ်ဘဲ မထွက်ကြရန် တိုက်တွန်းထားသည်။ ဒေသခံကျေးရွာအဖွဲ့ဝင်များမှ တစ်ယောက်နှင့်တစ်ယောက် ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အများလိုက်နာဆောင်ရွက်နိုင်ခြင်းရှိမည့် စည်းကမ်းများကို အတူတကွ ဆွေးနွေးသဘောတူချမှတ်ခဲ့ပါသည်။ အယောက်စီတိုင်းပါဝင်သည့် စုပေါင်းသဘောတူညီချက်တစ်ခုကို ဒေသခံကျေးရွာအဖွဲ့ဝင်များကြားတွင် ချမှတ်နိုင်ခဲ့ကြသည်။ ထိုသဘောတူညီချက် စည်းကမ်းများထဲတွင် တိကျသည့်အကြောင်းပြချက်မရှိဘဲ အပြင်သို့ထွက်ခွာခြင်းမပြုရန်၊ နှာခေါင်းစည်း မျက်နှာဖုံးကို အပြင်ထွက်တိုင်းဝတ်ဆင်ရန်၊ လက်ကိုလည်း မကြာခဏဆေးကြောရန်နှင့် ရပ်ဝေးဒေသမှ ပြန်လာမည့်သူများကို နေအိမ်အတွင်း ၇ရက် ရောဂါမကူးစက်စေရန် ခွဲခြားနေထိုင်ခြင်းအား လမ်းညွှန်ပြောပြရပါမည်။ အကောင်းဘက်ကနေကြည့်လျှင် ဒေသခံရွာသူရွာသားများမှ စားနပ်ရိက္ခာနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်ကြောင့်ကြစရာ မလိုအပ်ပေ။ ရွာသူရွာသားများမှ သစ်တောအတွင်း သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို သွားရောက်ရယူနိုင်ပြီး၊ မြစ်များချောင်းများတွင် ငါးပုဇွန်နှင့်ခရုများကိုလည်း ရရှိနိုင်ပါသည်။ ထို့အပြင် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ဒေသတွင်း သစ်ထုတ်ယူမှုများအား တဟုန်ထိုးကျဆင်းစေခြင်းသည် ဌာနေတိုင်းရင်းသား ရပ်ရွာလူထုအသိုင်းအဝိုင်းအတွက် သတင်းကောင်းတစ်ရပ်ကိုလည်း ဖြစ်နေစေပါသည်။

# aemfcifrsdk;t;

## tmqD;tk&yfbuftzGJpnf;rsm; nDVmcHvkxk&krftwG;
## Xmaewk&if;foltrsdK;orD;rsm;\ y0ifaqmif&Gufaerlrsm;



အမည် – နော်ခင်မိုးအေး

လူမျိုး – ကရင်

နေရပ်လိပ်စာ – အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။

ကရင်ဌာနေတိုင်းရင်းသူတစ်ဦးဖြစ်သူ နော်ခင်မိုးအေးသည် မြန်မာနိုင်ငံ၌ ဌာနေတိုင်းရင်းသားများအား ၎င်းတို့၏တည်ရှိမှုအပေါ်တွင် သက်ဆိုင်သော အခွင့်အရေးများရရှိနိုင်ရန်နှင့်၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်ရာတွင် နိုင်ငံအဆင့်၊ ကမ္ဘာ့ဒေသအပိုင်းအခြားအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာအဆင့်တို့တွင် အသိအမှတ်ခံရစေရန် ဦးတည်ချက်ထား၍ ဌာနေတိုင်းရင်းသားများအား မြှင့်တင်ပေးလျက်ရှိသော ပို့င့်–ရိုးရာဝန်ကျင်မြှင့်တင်ရေးအဖွဲ့ (POINT)တွင် အစီအစဉ်ညှိနှိုင်းရေးမှူးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေပါသည်။

ပွိုင့်–ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့သည် ၂၀၁၅ခုနှစ်မှစတင်ကာ အာဆီယံအရပ်ဘက်အဖွဲ့အစည်းများညီလာခံ/လူထုဖိုရမ်တွင် ပါဝင်လှုပ်ရှားလာခဲ့ပြီး ယင်းလှုပ်ရှားမှု အစီအစဉ်ကောင်းမွန်စွာ ဆက်လက်ရှေ့ဆက်နိုင်ရန်အတွက်သောလည်းကောင်း သူမ၏လုပ်ငန်းပိုင်းဆိုင်ရာ အရည်အချင်းတိုးတက်လာစေရန်အတွက်သော်လည်းကောင်း အဓိကတာဝန်ယူဆောင်ရွက်ရသူအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရပါသည်။

အာဆီယံ အရပ်ဘက်အဖွဲ့အစည်းများညီလာခံ/လူထုဖိုရမ်သည် အရှေ့တောင်အာရှအတွင်းရှိ အမျိုးမျိုးသောမတူညီသည့် အရပ်ဘက်အဖွဲ့အစည်းများ (CSOs) နှစ်စဉ်နှစ်တိုင်း စည်းလုံးစွာ လာရောက်စုရုံးတွေ့ဆုံကြသည့် နေရာတစ်ခုဖြစ်ပါသည်။ ၎င်းဖိုရမ်အား အိမ်ရှင်အဖြစ်လက်ခံ ကျင်းပပေးရန် ရွေးချယ်ခြင်းခံရသောအာဆီယံနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်းရှိ ပြည်သူလူထု၏ ကိုယ်စားပြုတောင်းဆိုသံများအထူးသဖြင့် အင်အားနည်း၍ ဘေးဖယ်ထားခြင်းခံရသည့် အဖွဲ့များထံမှလာသော ကြွေးကြော်တောင်းဆိုသံများအား ကိုယ်စားပြုဖော်ပြပေးပြီး ပိုမိုအားကောင်းလာစေဖို့အတွက် ခိုင်မာစွာ လုပ်ပိုင်ခွင့်ကိုရရှိထားပါသည်။ ဆက်လက်၍ ၎င်းတို့သည် အပြန်အလှန်လေးစားမှု၊ သမ္မာသတိရှိမှု၊ ပူးတွဲဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏စည်းလုံးညီညွတ်မှုများအား မြှင့်တင်ခြင်းအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ယင်းတို့၏သက်ဆိုင်ရာယန္တရားများတွင် ထိတွေ့ပါဝင်နိုင်စေရန်ဖြစ်သည်။ ယင်းသည်လည်း လူ့အခွင့်အရေးများ၊ ဒီမိုကရေစီ၊ တန်းတူညီမျှမှု နှင့် ဖွံ့ဖြိုးတိုးတက်မှု အစရှိသောအခြေခံမူများကို အသုံးပြု၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ၎င်းတို့၏ပြည်သူများအပေါ်ထားရှိသော ကတိကဝတ်များ အပေါ်တွင် အဓိကထားဆောင်ရွက်ပါသည်။




အာဆီယံ အရပ်ဘက်အဖွဲ့အစည်းများညီလာခံ/လူထုဖိုရမ် (ACSC/APF)၏ အာဆီယံလုပ်ငန်းစဉ်များ၌ ပါဝင်မှုသည် အလုပ်သမားလုပ်တန်းစားများ၊ တောင်သူလယ်သမားများ၊ မြို့ပြဆင်းရဲသားများ၊ တံငါသည်များ၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ LGBT အသိုက်အဝန်းများ၊ ဌာနေတိုင်းရင်းသားများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ ဝန်ထမ်းများ၊ ပညာရှင်များ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ကျောင်းသား/သူများ အစရှိသော နိုင်ငံအတွင်းနေထိုင်ကြသူများ၏ ပြဿနာများနှင့် စိုးရိမ်ပူပန်မှုအခြေအနေများကို အာရုံစိုက်လာစေပါသည်။

သူမသည် ၂၀၁၅ ခုနှစ် မှ ၂၀၁၆ ခုနှစ် အထိ အဖွဲ့ဝင်တစ်ဦးအနေဖြင့် အာဆီယံ အရပ်ဘက်အဖွဲ့အစည်းများညီလာခံ/လူထုဖိုရမ်တွင် စတင်ပါဝင်ခဲ့ပါသည်။ သူမ၏ ထိရောက်စွာပါဝင်လှုပ်ရှားခဲ့မှုကြောင့် ၂၀၁၇ ခုနှစ်၌ ဖိလစ်ပိုင်နိုင်ငံ ကေးဇောင်မြို့တွင် (Quezon City) ကျင်းပခဲ့သော အာဆီယံ အရပ်ဘက်အဖွဲ့အစည်းများညီလာခံ/လူထုဖိုရမ်တွင် အခန်းကဏ္ဍငယ်တစ်ခုဖြစ်သည့် “အရှေ့တောင်အာရှရှိ ဌာနေတိုင်းရင်းသား များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရန် ကြိုးပမ်းမှုများ” ခေါင်းစဉ်ဖြင့် ပြုလုပ်သောပွဲတွင် ဟောပြောသူအနေဖြင့် ပါဝင်ပေးရန် ဖိတ်ကြားခြင်းခံခဲ့ရပါသည်။ ၎င်းသည် သူမအတွက် ဒေသအဆင့်ညီလာခံတွင် ပါဝင်ဟောပြောသူအဖြစ် ပထမဦးဆုံးဖြစ်နေသော်လည်း ယင်းညီလာခံတွင် မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများ၌ ဖြစ်ပေါ်လျက်ရှိသော ကိစ္စရပ်များ နှင့် အကြောင်းအရာပြဿနာများအား ရဲရဲဝံ့ဝံ့စွာ ဆွေးနွေးတင်ပြနိုင်ခဲ့ပါသည်။

ဆက်လက်ပြီး သူမသည် နိုင်ငံအဆင့်လုပ်ငန်းစဉ်များအတွက် ဒေသတွင်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ အာဆီယံဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အလုပ်အဖွဲ့တွင် ဦးဆောင်အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါသည်။ အာဆီယံ အရပ်ဘက်အဖွဲ့အစည်းများညီလာခံ/လူထုဖိုရမ်တွင် သူမသည် တက်ရောက်ပါဝင်သူအဖြစ်သာမက ဦးဆောင်အဖွဲ့အဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြင့် မိမိကိုယ်ကိုယ်ယုံကြည်စိတ်ချမှု အရည်အသွေးအား သူမပါဝင်လှုပ်ရှားခဲ့သော လုပ်ငန်းစဉ်များအားဖြင့် ပိုမိုမြှင့်တက်လာစေခဲ့ပါသည်။

ထို့နောက် ၂၀၁၉ခုနှစ်၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကျင်းပသော အာဆီယံ အရပ်ဘက်အဖွဲ့အစည်းများညီလာခံ/ လူထုဖိုရမ်ကို သူမသည် မြန်မာနိုင်ငံအရပ်ဘက်အဖွဲ့အစည်းများအဖွဲ့၏ ကိုယ်စားပြုအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ဌာနေတိုင်းရင်းသားခေါင်းဆောင်များနှင့်အတူတကွ တက်ရောက်ပါဝင်ခဲ့ပါသည်။ ၎င်းဖိုရမ်မှ အာဆီယံနိုင်ငံ အရေးကိစ္စများနှင့် ပတ်သက်ဆက်နွယ်နေသော ဒေသဆိုင်ရာ ထုတ်ပြန်ကြေညာချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထွက်ပေါ်လာသော မတူညီသည့် တောင်းဆိုသံများနှင့်အတွေ့အကြုံများအား မီးမောင်းထိုးတင်ပြသည့် အခြေအနေသို့ မည်ကဲ့သို့ ရောက်ရှိလာပုံကို သူမ သင်ယူလေ့လာခဲ့ရပါသည်။

ထို့အပြင် သူမသည် ဘန်ကောက်မြို့တွင် ကျင်းပမည့် အာဆီယံ ထိပ်သီးအစည်းဝေးအတွက် မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့်သော်လည်းကောင်း မြန်မာနိုင်ငံအရပ်ဘက်အဖွဲ့အစည်းများအဖွဲ့၏ ကိုယ်စားပြုအနေဖြင့်သော်လည်းကောင်း ရွေးချယ်ခြင်းခံခဲ့ရပါသည်။ ၂၀၁၉ခုနှစ်၊ နိုဝင်ဘာ ၃ရက်နေ့၌ ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ရန်အတွက် အမည်စာရင်းရွေးချယ်တင်ပြထားသူသုံးဦးထဲမှ သူမတစ်ဦးတည်းကိုသာ ရွေးချယ်ခဲ့ကြပါသည်။ သူမသည် ထိုထိပ်သီးအစည်းအဝေး၌ သွားရောက်ပါဝင်နေစဥ်တွင် ကိုယ်ဝန် ၈ လ လွယ်ထားနေရသော်လည်း မိမိတာဝန်ယူနေရသည့် အခန်းကဏ္ဍအား တာဝန်ရှိရှိဖြင့် အောင်မြင်စွာ ဖြည့်ဆည်းဆောင်ရွက်လိုသည့် စိတ်အားထက်သန်ပြင်းပြမှုဖြင့် ကိုယ်ဝန်လွယ်ထားရသည့် အချိန်ကာလတွင် တွေ့ကြုံရင်ဆိုင်ရသည့် အခက်အခဲများနှင့် အဆင်မပြေမှုများ အားလုံးကို စိန်ခေါ်ဖြတ်ကျော်ခဲ့ပါသည်။

၂၀၂၀ခုနှစ် အာဆီယံ အရပ်ဘက်အဖွဲ့အစည်းများညီလာခံ/ လူထုဖိုရမ် ကျင်းပပြုလုပ်ရန် ကြိုတင်ပြင်ဆင်ဆွေးနွေးသော အစည်းအဝေးများတွင် နိုင်ငံအဆင့်ဦးဆောင် ကော်မတီအဖွဲ့ဝင်အဖြစ်သာမက ဒေသအဆင့် အစီအစဉ်ကော်မတီ အဖွဲ့ဝင်တစ်ဦးအနေဖြင့် တက်တက်ကြွကြွပါဝင်နေခြင်းဖြင့် သူမအတွက်သော်လည်းကောင်း မြန်မာနိုင်ငံအတွင်းရှိ ဌာနေတိုင်းရင်းသားများအတွက်ပါ ကောင်းကျိုးအခြေအနေများကို ယူဆောင်လာပေးပါသည်။ မြေပြင်အခြေအနေ သတင်းအချက်အလက်စစ်တမ်းများအား လေ့လာဖော်ထုတ်ခြင်းဖြင့် ပြောင်းလဲမှုနှင့်အခွင့်အလမ်းများအား ရရှိနိုင်သည်သာမက ဌာနေတိုင်းရင်းသားများ၏ တောင်းဆိုသံများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါသည်။

၂၀၁၅ခုနှစ် အာဆီယံ အရပ်ဘက်အဖွဲ့အစည်းများညီလာခံ/လူထုဖိုရမ်တွင် ပါဝင်ခဲ့သည့်အချိန်တွင် သူမအနေဖြင့် ဘာသာစကားဆိုင်ရာ အခက်အခဲများနှင့် လုပ်ငန်းစဉ်သဘောတရားများအား နားလည်ရန် အဆင်မပြေနေမှုများ စသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရပါသည်။

သို့သော်လည်း မြန်မာနိုင်ငံအာဆီယံဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အလုပ်အဖွဲ့၏ နိုင်ငံအဆင့် လုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ပါဝင်ခဲ့ပြီး ခိုင်မာစွာ လက်တွဲပူးပေါင်းလုပ်ဆောင်ခဲ့သဖြင့် သူမသည် လုပ်ငန်းစဉ်များ မည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ရသည်ကို စတင်နားလည် သဘောပေါက်လာခဲ့ပါသည်။ ထို့အပြင် သူမသည် အာဆီယံ အရပ်ဘက်အဖွဲ့အစည်းများညီလာခံ/လူထုဖိုရမ်တွင် ဌာနေတိုင်းရင်းသား အရေးကိစ္စရပ်များအတွက် ဆွေးနွေးတင်ပြသူ တစ်ဦးတစ်ယောက်မျှ မရှိနေသည်ကို သတိပြုမိပြီး ဘာသာစကားဆိုင်ရာ အခက်အခဲများကြောင့်လည်း သူမဆွေးနွေးတင်ပြ ပြောဆိုနိုင်ခဲ့ခြင်းမရှိပေ။ မည်သို့ပင်ဆိုစေကာမူ အာဆီယံအရပ်ဘက်အဖွဲ့အစည်းများညီလာခံတွင် ပါဝင်ခဲ့သည် အချိန်ကာလနှင့်အတွေ့အကြုံများကြောင့် ရရှိလာခဲ့သော အချက်အလက်များအားဖြင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပြီး ၎င်းမှရရှိသော ထုတ်ပြန်ချက်ကြေညာချက်များကို ဒေသအဆင့် ဌာနေတိုင်းရင်းသား အခွင့်အရေးများအား မြှင့်တင် ကာကွယ်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် အာရှဌာနေတိုင်းရင်းသားအလုပ်အမှုဆောင်အဖွဲ့နှင့်အတူ တင်သွင်းနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံအာဆီယံဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်း အလုပ်အဖွဲ့၏ ဦးဆောင်ကော်မတီအဖွဲ့ဝင်အနေဖြင့် ပါဝင်လှုပ်ရှားနေခြင်းဖြင့် ဌာနေတိုင်းရင်းသူအမျိုးသမီးတစ်ဦးအဖြစ်သာမက ပွိုင့်–ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့၏ ကိုယ်စားပြုတစ်ဦးဖြစ်သူ နော်ခင်မိုးအေးသည် ဒေသတွင်း အမျိုးမျိုးသော လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများကို ခံစားရင်ဆိုင်နေရသော မြန်မာနိုင်ငံအတွင်းရှိ ဌာနေတိုင်းရင်းသားများ၏ အခက်အခဲကိစ္စရပ်များကို ဖော်ပြတောင်းဆိုသံများ မြှင့်တင်ဆောင်ရွက်ပေးရာတွင် ပွိုင့်–ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့မှ လှုပ်ရှားဆောင်ရွက်နေသည့် ဌာနေတိုင်းရင်းသားဒေသများ၌ နေထိုင်ကြသော ဌာနေတိုင်းရင်းသူအမျိုးသမီးများအား တက်ကြွစွာ လက်တွဲအားပေး ခေါ်ဆောင်သွားနိုင်ပါသည်။ အာဆီယံအရပ်ဘက် အဖွဲ့အစည်းများညီလာခံ/ဖိုရမ်မှ သင်ယူရရှိခဲ့သော အတွေ့အကြုံများအားဖြင့် သူမသည် မိမိ၏အခြားအဖွဲ့ဝင် လုပ်ဖော်ဆောင်ဖက်များအား “ဒေသတွင်း ဆက်သွယ်ရေးလိုင်းများ သို့ ချိတ်ဆက်ဆောင်ရွက်သည့် ပေါင်းကူးတံတား ” အားအသုံးပြု၍ မြန်မာနိုင်ငံအတွင်းရှိ ဌာနေတိုင်းရင်းသားများ၏ ဘဝနှင့် ၎င်းတို့၏ အသံများအား မူဝါဒရေးရာ ပြင်ဆင်ဆောင်ရွက်ရာတွင်သော်လည်းကောင်း ဖွံ့ဖြိုးတိုးတက်ခြင်းများကို ထိထိရောက်ရောက် တရားမျှတစွာဆောင်ရွက် အကောင်အထည်ဖော်ရာတွင်လည်းကောင်း မြှင့်တင်လုပ်ဆောင်ပေးသွားရန် တိုက်တွန်းနေလျက် ရှိပါသည်။

# aemftdtdrif

&moDwkyjmif;vJjcif;ta ay:jyef vnfwnfaqmif&Guf&ef cifrsm;wGif

XmaewGif&ifom;trsdK;orD;\ acgif;aqmifrI&nftm;rsm;wGifcif;



အမည် – နော်အိအိမင်း

လူမျိုး – ကရင်

နေရပ်လိပ်စာ – အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။

ကျွန်မသည် မြန်မာနိုင်ငံ၏ ယခင်မြို့တော်ဟောင်းဖြစ်သော ရန်ကုန်မြို့တွင်ကြီးပြင်းလာသူတစ်ဦးဖြစ်ပါသည်။ သို့သော် ကျွန်မသည် ဌာနေတိုင်းရင်းသား ကရင်အမျိုးသမီးတစ်ဦးဖြစ်ပြီး ပတ်ပတ်လည် ကျွန်မတို့တိုင်းရင်းသားလူမျိုးများ၏ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အလေ့အထများအတိုင်း ပျိုးထောင်ခြင်းခံခဲ့ရပါသည်။ ကရင်လူမျိုးသည် မြန်မာနိုင်ငံရှိ လူနည်းစုတိုင်းရင်းသားအဖွဲ့များအတွင်း တစ်ဖွဲ့အပါအဝင်ဖြစ်သည်။ ကျွန်မတို့လူမျိုးများသည် မြန်မာနိုင်ငံ အရှေ့ဘက်ခြမ်း၊ ထိုင်းနိုင်ငံနှင့် နယ်နမိတ်ထိစပ်သောနေရာများ၊ ပဲခူးဘက်နှင့် ဧရာဝတီဘက်များတွင် နေထိုင်ကြသည်။ ယင်းဒေသများသည် ကျေးလက်နှင့် သစ်တော ဧရိယာများဖြစ်သည့်အလျောက် ကျွန်ုပ်တို့၏ ဌာနေတိုင်းရင်းသား ယဉ်ကျေးမှုများသည် ဂေဟာဗေဒသစ်တောစနစ် နှင့် ကျွန်ုပ်တို့၏ ကျေးလက်ရိုးရာဓလေ့ အသက်မွေးဝမ်းကြောင်းများပုံစံများဖြင့် ပတ်သက်ဆက်နွယ်နေပါသည်။

NGO တစ်ခုဖြစ်သော POINT ၏ ဒါရိုက်တာအဖြစ်ဆောင်ရွက်ရသော ကျွန်မ၏ လုပ်ငန်းတာဝန်များတွင် မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားအမျိုးသမီးများအား အကူအညီ အထောက်အပံ့ပေးခြင်းများလည်း ပါဝင်သည်။ ကျွန်မ၏ အသက်မွေးလုပ်ငန်းတစ်လျှောက်တွင် တိုင်းရင်းသား ဟူသော ကျွန်မ၏ နောက်ခံအကြောင်းများသည် လုပ်ငန်းတွင် ခေါင်းဆောင်တစ်ယောက်၏ အခန်းကဏ္ဍအဖြစ် တာဝန်ယူရန်အတွက် စိန်ခေါ်မှုများရှိနေသည်ကို ကျွန်မနေဖြင့် တွေ့မြင်သိရှိခဲ့ရပါသည်။ ကျွန်မအနေဖြင့် လူ့အဖွဲ့အစည်းအတွင်း ကျားမဆိုင်ရာ သတ်မှတ်ချက်များဖြင့် ရိုးရာတန်ဖိုးထားမှုများအတိုင်း ကြီးပြင်းလာကြသော အမျိုးသားများနှင့်လည်း မကြာခဏ အလုပ်တွဲလုပ်ရလေ့ရှိပါသည်။ ယင်းအခြေအနေများတွင် အမျိုးသမီးတစ်ဦး၏ လက်အောက်ငယ်သားအဖြစ် တာဝန်ထမ်းဆောင်ရာတွင် ၎င်းတို့အတွက် ခက်ခဲမှုများဖြင့် ကြုံတွေ့ခဲ့ရပါသည်။













ဥပမာအားဖြင့် ဒါရိုက်တာရာထူးတွင်ကျွန်မတာဝန်စတင်ထမ်းဆောင်ချိန်၌ အချိန်အများစုအား ကျွန်မ၏ အဖွဲ့အား ကျွန်မ၏ အကြံဉာဏ်နှင့် အစီအစဉ်များအတိုင်း လိုက်လံဆောင်ရွက်ရန် ပြောကြားရန်အတွက် အသုံးပြုခဲ့ရသည်။ ထို့အပြင်သာမက ကျွန်မ၏ အသက်မွေးလုပ်ငန်းအားစီမံခန့်ခွဲခြင်း နှင့် ကလေးငယ်နှစ်ဦးအား ကြည့်ရှုစောင့်ရှောက်ရခြင်းမှာလည်း ခက်ခဲလှပါသည်။ ကျွန်မ၏အိမ်တွင်းဘဝအခက်အခဲများအပေါ်တွင် ကျွန်မ၏ အဖွဲ့နှင့် အချို့သော အလှူရှင်များသည် စာနာမှုမရှိကြပါ။ အချိန်ကြာလာသည်နှင့်အမျှ ကျွန်မအနေဖြင့် ထိုစိတ်သဘောထားများအား ကျော်လွှားလာနိုင်ခဲ့ပါသည်။ သို့ပါသော်လည်း ထိုသို့ဖြစ်လာရန်အတွက်လည်း ကျွန်မ၏ အသိပညာဗဟုသုတများ နှင့် အတွေ့ကြုံများကိုချပြ၍ ခိုင်မာသောဆောင်ရွက်ချက်များကို မကြာခဏဆိုသလိုပြုလုပ်ခဲ့ရပါသည်။ ဤသို့ဖြင့် ကျွန်မ၏အဖွဲ့အား ကျွန်မသည်တတ်စွမ်းနိုင်ကြောင်းကို ပြသခဲ့ရသည်။ ကျွန်မ၏ အဖွဲ့များထံမှ ရိုသေလေးစားမှုကိုရရှိရန်အတွက် ၎င်းတို့ထံမှလာသောတုန့်ပြန်မှုများကို အဝတ်များအား ကွဲပြားစွာဝတ်ဆင်ခြင်းနှင့် ရုံးတွင်းအပြုအမူများအား ပြောင်းလဲခြင်းဖြင့် ပြန်လည်တုန့်ပြန်ခဲ့ရပါသည်။

ကျွန်မ၏ တစ်ကိုယ်ရည်အတွေ့အကြုံနှင့် ကျွန်မတို့၏ စီမံကိန်းဒေသများတွင်ရှိသော ဌာနေတိုင်းရင်းသား အမျိုးသမီးများ၏ ခေါင်းဆောင်များဖြစ်လာရန်အတွက် သို့မဟုတ် ၎င်းတို့၏ လူမှုအသိုက်အဝန်းများအတွင်း ၎င်းတို့၏ အကြံဉာဏ်များနှင့် ဆုံးဖြတ်ချက်ချခြင်းများတွင် လွှမ်းမိုးနိုင်မှုရှိရန်အတွက်ပင် ရင်ဆိုင်ရသော အခက်အခက်များနှင့် အတားအဆီးများအကြား အထပ်ထပ်ဖြစ်ပေါ်နေသောအရာများကို ကျွန်မနေဖြင့် တွေ့မြင်နေရပါသည်။ မြန်မာနိုင်ငံ၏ မတူညီသည့် ဒေသအရပ်ရပ်တွင်ရှိသော ဌာနေတိုင်းရင်းသား အမျိုးသမီးများနှင့် လုပ်ငန်းဆောင်ရွက်ခဲ့ရခြင်းများအပေါ် ကျွန်မ၏ လေ့လာတွေ့ရှိချက်များအား ဤစာတမ်းတွင် ဖော်ပြသွားမည်ဖြစ်သည်။ သစ်တောထိန်းသိမ်းခြင်းနှင့် ရာသီဥတုပြောင်းလဲမှုအား ကာကွယ်ခြင်းတွင် အရေးပါသော ဌာနေတိုင်းရင်းသား အမျိုးသမီးများ၏ ခေါင်းဆောင်မှုကိုခေါင်းဆောင်မှုများကိုတွေ့ရှိရမည်ဖြစ်ပါသည်။

## POINT (Promotion Of Indigenous and Nature Together)

No. 687, Gyogone 8th street(sourth), East Gyogone, Insein Tsp, Yangon

Office Phone : 09-254 249 494

Facebook Address : https://www.facebook.com/
PromotionOfIndigenousandNatureTogether

Email : point.org.mm@pointmyanmar.org

Website : www.pointmyanmar.org